# အမျိုးသားပို့ကုန် အကောင်အထည်ဖော် လုပ်ကိုင်ရေး သတ်မှတ်ကာလ များလွန်းဟု ထုတ်ကုန်ကဏ္ဍသုံးခုမှ ဝေဖန်

သတင်းရင်းမြစ် > ထင်လင်းအောင်
သောကြာနေ့၊ အောက်တိုဘာလ ၀၄ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၂၃ မိနစ်

မြန်မာ့အနာဂတ်ပို့ကုန်ကဏ္ဍအတွက် တင်ပို့မည့်အမျိုးသားပို့ကုန်သတ်မှတ်မှုအား ရွေးချယ်လိုက်ပြီးဖြစ်ရာ မဟာဗျူဟာ ရေးဆွဲဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ် သတ်မှတ်ချက်မှာ ရှည်ကြာလွန်းသည့်ကာလဖြစ်ကြောင်း ရွေးချယ်မှုအတွင်းပါဝင်သည့်ထုတ်ကုန် ကဏ္ဍသုံးခုမှ တာဝန်ရှိသူများက ပြောဆိုလိုက်သည်။

စိုက်ပျိုးရေးထုတ်ကုန် ၊ မွေးမြူရေးထုတ်ကုန် နှင့် ပင်လယ်ငါးဖမ်းဆီးမှုများသည် နှစ်စဉ် ရာသီချိန်ဖြင့် ဆောင်ရွက် ရခြင်းဖြစ်ရာ အကောင်အထည်ဖော်သည့်အချိန်ကာလကြာမြင့်ပါက အခြေခံထုတ်လုပ်သူများအတွက် နှစ်နာနိုင် သဖြင့် နှစ်အလိုက်ဖော်ဆောင်ရမည့်ကဏ္ဍများကို အမြန်ဆုံးဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ဆန်၊ ပဲ နှင့် ရေထွက်ပို့ကုန် ကဏ္ဍများမှတာဝန်ရှိသူများကဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က "ဖြစ်နိုင်ရင်တော့ အကောင် အထည်ဖော်မယ့်အချိန်ကို လျှော့ချဖို့အတွက် တောင်းဆိုသွားမှာပါ။ ငါးနှစ်ဆိုတဲ့အချိန်က အရမ်းကို ကြာလွန်းတယ်။
တောင်သူတွေ လိုအပ်တာတွေကို တစ်ရာသီမလုပ်ပေးနိုင်ရင် တစ်ရာသီအတွက် နစ်နာသွားမှာဖြစ်တယ်။ တစ်ရာသီ ကလည်း တစ်နှစ်တာပို့ကုန်ကို ထိခိုက်နိုင်တာပဲလေ" ဟုပြောသည်။

မြန်မာနိုင်ငံ၏ အဓိကအမျိုးသားပို့ကုန်အဖြစ် ဆောင်ရွက်သွားရန် ဆန်၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံ၊ ရေထွက် ကုန်ပစ္စည်း၊ အထည်အလိပ်နှင့်အဝတ်အထည် ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများစသည်ဖြင့် ကဏ္ဍငါးခုအား ရွေးချယ်ထားသည်။ ယင်းအား ဆောင်ရွက်ရန် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ရေးဆွဲခြင်းအား ယခုနှစ်ကုန်ပိုင်း အတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး အကောင်အထည်ဖော်ဆောင် မည့်ကာလအား ငါးနှစ်သတ်မှတ် ထားသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "အချိန်ဆွဲလို့မရဘဲ ဦးစားပေး လုပ်ရမှာ
တွေ အများကြီးရှိတယ်။ အဲဒါတွေကို တစ်ခုချင်းစီဖြည့်ဆည်းသွားရင်းနဲ့ပဲ လုပ်သွားဖို့လိုတယ်။ အကောင်အထည်
ဖော်နေတာနဲ့ ကြာသွားတာမျိုးကမဖြစ်သင့်ဘူး။ ဘယ်ကိစ္စကတော့ လုပ်လို့ရတယ်။ အဲဒါကို ဦးစားပေးလုပ်ပြီး နှစ်အလိုက် အကောင်အထည်ပေါ်အောင်လုပ်ရမှာပါ" ဟုပြောသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း AEC နှင့် အာဆီယံဒေသတွင်း လွတ်လပ်စွာ ကုန်သွယ်မှု AFTA များကိုစတင်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပို့ကုန်အား ငါးနှစ်တာကာ လမှသာ ဆောင်ရွက်မည် ဆိုပါက ဖွံ့ဖြိုးရေးလိုအပ်သည့် နှစ်ကာလများ နေးကွေးသွားမည်ဖြစ်ကြောင်း ယင်းတို့ကဆိုသည်။

မြန်မာနိုင်ငံ ပဲအမျိုးမျိုးနှင့် နှမ်းကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမြတ်စိုးက "အချိန် သတ်မှတ်ချက်နဲ့ ပတ်သက်လို့နှစ်အလိုက်ဆောင်ရွက်ရမှာတွေကို ဆောင်ရွက်သွားမှာမျိုးပဲ ဖြစ် သင့်ပါတယ်။ ဒီလိုပဲ လုပ်လိမ့်မယ်လို့လည်း ထင်တယ်။" ဟု ပြောသည်။

ဗီယက်နမ်နိုင်ငံတွင်မူ ယင်းတို့၏ နိုင်ငံတော်ဝင်ငွေ မျှော်မှန်းချက်အား ရေထွက်ပို့ကုန်ကဏ္ဍအပေါ်တွင် အမျိုးသား ပို့ကုန်အဖြစ် တွက်ချက်ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတွင် ဆန်စပါးနှင့် ရေထွက်ပစ္စည်း ပို့ကုန်များကို တွက်ချက်ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားပို့ကုန်အား တိကျစွာသတ်မှတ်ခြင်းသည် တိုင်းပြည်၏စီးပွား ရေး ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် စီမံချက်များရေးဆွဲဆောင်ရွက်ရာတွင် အထောက်အကူများစွာဖြစ်နိုင်ကြောင်း

ယင်းတို့ကဆိုသည်။

NES စီမံချက် ဦးဆောင်သူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက "အကောင်အထည်ဖော်တဲ့ ကာလကို ၄နှစ်ဆိုပြီး သတ်မှတ်ထားတာ က ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုရအောင် လုပ်နိုင်ဖို့အတွက် သတ်မှတ်ထားတာပါ။ အမျိုးသားပို့ကုန် ဆိုတာက
နိုင်ငံအတွက် တကယ်အရေးကြီးတဲ့ကိစ္စဖြစ်လို့ အချိန်ယူပြီးလုပ်နိုင်အောင်လို့ ပါ" ဟု ပြောသည်။

အမျိုးသားပို့ကုန်အဖြစ်ရွေးချယ်ထားသော အဆိုပါကဏ္ဍငါးခုမှာ ဦးစားပေးအကောင်အထည်ဖော် အဆင့်တွင် ပါဝင်ခြင်းဖြစ်ပြီး ရော်ဘာထွက်ကုန်ပစ္စည်းကဏ္ဍကိုမူ အလားအလာကောင်းသည့် ကဏ္ဍအဖြစ် သတ်မှတ်ထားခြင်း
ဖြစ်ကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကိုလည်း ဦးစားပေးအဆင့်တွင် ထည့်သွင်းထားသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
Post
by
Mizzima - News in Burmese
.